ချောအိမာန်
(မန္တလေး)

# ရေစိုစို ထဘီနှစ်ထည်

နှင့်

မဂ္ဂဇင်းဝတ္ထုရှည်များ

## အတုလအသံကြားက ရေစိုနေသော ပန်းကလေး နှင်းဝေငြိမ်း

ကျွန်မက ကိုယ့်ကိုယ်ကိုယ် အမှာစာရေးနိုင်လောက်တဲ့ အရည်အချင်းရှိသူလို့ အခုထိ မထင်သေးပါဘူး။ ကျွန်မရဲ့ ညီမကတော့ ဖုန်းတစ်လုံးနဲ့ "မနှင်းရေ… ချော စာမူပို့ လိုက်ပြီ၊ အမှာစာရေးပေးပါ" လို့ပြောပြီး အမြန်ချောပို့နဲ့ စာမူရောက်လာပါတယ်။ ဒီမတိုင် ခင်က ရန်ကုန်လာတုန်း အမှတ်တမဲ့တော့ ပြောသွားသလားပါပဲ။ ကျွန်မက အလုပ်များတဲ့ သူဆိုတော့ စာမူရောက်လာမှ တာဝန်တစ်ရပ်လို ခေါင်းနပန်းကြီးသွားပြီး ကမူးရှူးထိုးဖတ် ပြီး ပြီးရောလုပ်ရမယ့်ကိစ္စမဟုတ်ဘူးဆိုတော့ တစ်ပုဒ်ဖတ်လိုက်၊ နောက်တစ်လုပ်ပေါ်လာ လိုက်နှင့် တော်တော်နဲ့မပြီးဘဲဖြစ်နေပါတယ်။ ဖတ်လို့မပြီးလေ အားနာလေဖြစ်ပြီး အစက ပြန်ဖတ်ပြန်ပါတယ်။ ဖတ်ပြီးသွားလည်းပဲ မရေးရသေးတော့ ချောအိမာန် (မန္တလေး) ရဲ့ ဝတ္ထုရှည်ပေါင်းချုပ်ထဲက ဇာတ်ကောင်တွေနဲ့ ကျွန်မဟာ သွားရင်းလာရင်းတောင် စိတ်ထဲ မှာ စကားပြောဖြစ်ကြတဲ့အထိပဲ။

စတိုးဆိုင်ထဲရောက်လို့ ခေါင်းလျှော်တဲ့ အလှပြင်ဆိုင်ရောက်လို့ ခေါင်းလျှော်ရည်ဘူး တစ်ဘူး၊ ဆံပင်ဆိုးဆေးတစ်ဘူးကို မြင်လိုက်တာနဲ့ "ရေစိုစိုထဘီနှစ် ထည်" ဝတ္ထုထဲက တိုးတိုးလေး ကျွန်မကို လက်တို့ပြီး-

"မနှင်း… ကျွန်မအကြောင်း ရေးပေးဦးလေ ဆရာမရဲ့.. ကျွန်မအလုပ်လုပ်ရတဲ့ အလှပြင်ဆိုင်မှာ ကျွန်မရဲ့ ရိုးသားဖြူစင်မှုတွေကို မကြည်ပြာတို့ မလှဲ့နဒီတို့ ဝိုင်းနင်းချေ ပစ်လိုက်တဲ့အကြောင်းလေး ကျွန်မ ထဘီမခိုးဘဲနဲ့ သူခိုးစွပ်စွဲခဲ့ကြတဲ့ ဖြူတီဆလွန်းရဲ့ အပြာရောင်ဆန်တဲ့ စီးပွားရေးအခင်းအကျင်းတွေနဲ့ ဆံပင်လာညှပ်ရင်း အကြံအဖန်လုပ် တဲ့

ကြောင်အိုကြီးတွေအကြောင်း ရေးမပေးသေးဘူလား”

“ဟင် ဟုတ်လာသားပဲ၊ အေး အေး ရေးမယ် တိုးတိုး”

ဒီလို တွန်းတွန်းတိုက်တိုက်နဲ့ တိုးတိုးသတိပေးမှ ကျွန်မဟာ အမျိုးသမီးသီးသန့် ဆံပင်အလှပြင်ဆိုင်ရဲ့ တစ်နေရာမှာ ဆံပင်မိတ်ကပ်ပညာသင်ချင်လွန်းလို့ အမေပိုင် ပစ္စည်းလေးတွေ ထုခွဲပြီး ပညာသင်ရသလို၊ ဗလာစာအုပ်လေးထဲမှာ သိသမျှလိုက်မှတ် ပြီး ပြိုင်ဘက်တွေကြားမှာ ပညာကို ကျားကုန်ကျားခဲ သင်ခဲ့ရတာ တောင် အလုပ်ထုတ်ခံရတဲ့ အဖြစ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဆံပင်လာညှပ်ရင်း တိုးတိုးကို ခင်သွားတဲ့ လူငယ် လေးတစ်ယောက်က တိုးတိုး အလုပ်ပြုတ်ပြီး ပြန်ချိန်မှာ ကူညီစောင့်ရှောက်ရင်း၊ ထိုလူငယ် လေးရဲ့ ပညာအမွေနဲ့ ရောဂါကြောင့် ဆုံးသွားတဲ့အထီးကျန်လူငယ်လေးရဲ့ ပိုင်ဆိုင်မှုတွေ ကို တိုးတိုးဆက်ခံရှုံး အလှပြင်ဆိုင်ပိုင်ရှင်ဖြစ်သွားတဲ့ ဘဝတွေကို ကျွန်မ ကွက်ကွက်ကွင်း ကွင်း ပြန်သတိရချိန်မှာ ကျွန်မ နှုတ်က ကမန်းကတန်းနဲ့

“ရေးမယ် တိုးတိုးရေ သမီးကို ကျောကုန်းနှိုက်ခိုင်းတဲ့ ကိုအောင်ခန့်ကြီးကြောင့် မလုပ်တတ်ဘူးပြောမိလို့ လစာဖြတ်ခံရတဲ့ အကြောင်းရော၊ ဟို ..မလဲ့နဒီဆိုတဲ့ အကျင့် ပျက်မိန်းမအကြောင်းရော.. ရေးမယ် ရေးမယ်” လို့ပြောရင်း နှစ်သိမ့်ရပါတယ်။ ဒါနဲ့ပဲကျွန်မ လက်ထဲ စာမူဟာ ကျွန်မနဲ့အတူ နယ်ကိုလာပြန်ပါတယ်။ နယ်ပြန်တဲ့ကားပေးမှာ စာမူက ငါဖတ်ထားလို့ ကြေနေပြီလားမသိဘူးလို့တွေးရင် ပြန်ဖတ်မယ်အလုပ် ကားပေါ်ကို ခပ်ဂဂ လင်မယား နှစ်ယောက်တက်လာပါတယ်။

ကျွန်မဘေးမှာ ဝင်ထိုင်ကြပါတယ်။ အသက်က ခြောက်ဆယ်ကျော်တွေ၊ ဒိုင်းခနဲ ကျွန်မ လန့်သွားတယ်။ “ဆူးပန်းပွင့်ရဲ့ ပျားရည်စက်” ထဲ ကိုရစ်ချက်နဲ့ မဆွိတီတို့များလား လို့ပါ။ ဂပုံလည်း တူပ့ါ။ မိန်းမလုပ်သူက ယောက်ျားကို အနိုင်ကျင့်ပြောဆိုနေပုံကလည်း တလေတည်း။

အဲဒီ ဝတ္ထုကိုရေးတဲ့ ချောအိမာန် (မန္တလေး) ရဲ့ မှတ်ချက်ကိုက မာန်မာနဆိုတာ အလကားနေရင် သွေးနားထင်ရောက်နေတဲ့ သူမျိုးတွေအတွက်ပါ။ မရှိမဖြစ် လိုအပ်တဲ့အရာတစ်ခုတော့ မဟုတ်ပါဘူး။ လက်တွေ့ဖြစ်ရပ်ကို စိတ်ကူးနဲ့ ပေါင်းစပ်ရေး ဖြစ်ခဲ့တာပါလို့ ဆိုပါတယ်။

တကယ်တော့ ချစ်လွန်းလို့ သုံးကြိမ်လောက် ပြန်ခိုးယူထား လက်ထပ်ခဲ့ရတဲ့ လင်မယားနှစ်ယောက်ရဲ့ အသက်ကြီးခန်းအရွယ်မှာ ယောကျ်ားဖြစ်တဲ့ ကိုရစ်ချက်တစ် ယောက် သူ့မိန်းမ ဆွိတီရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေအောက်မှာ ပြားပြားဝပ် နေထိုင်ခဲ့ရပြီး အိမ်က အိမ်ဖော်မှန်သမျှ တစ်ခါဆက်ဆံ ဆယ်ခါလန်အပြင် သူ့မိန်းမရဲ့ လက်ရှိအလှကို သရုပ်ဖော်ပုံကလည်း ပီပြင်လိုက်တာဆိုတာ ချောအိမာန် မဟုတ်တဲ့ အတိုင်းပါပဲ။

"တစ်စောင်းအိပ်နေတဲ့ ဂဂတုတ်ခန္ဓာကိုယ်ကြီးပေး ဆံပင်တွေက ဖရိုဖရဲ့နဲ့ ပါးက မတင်းတော့ဘဲ အသားအရေတွေ တွဲကျ၊ ပါးစပ်ကလည်း အာပုပ်နံ့ နံကာ လက်ချောင်း တွေက ဝက်အူချောင်းအဆစ်ကြီးတွေကျလို့၊ ခြေသလုံးတွေ အရင်ထက် နှစ်ဆလောက်၊ အိပ်ခါနီး တောင် နှုတ်ခမ်းနီက ကောက်ဆိုးသေးတဲ့သူ" ဆိုပဲ။

အဲဒီ မိန်းမက ဘယ်လောက်ဆိုးသလဲဆိုရင် နှာစ်နဲ့လည်းပေးစား၊ အိမ်ဖော်နဲ့လည်း ပေးစား၊ အိမ်ဖော်ကိုလည်း မကျေနပ်ရင် မကျေနပ်သလို သိမ်းပြီးသားပစ္စည်းတွေ ပြန်ဖွပြီး ပြန်ဖွနဲ့ ဆယ်ခါလောက်လုပ်တဲ့ဆုံး အိမ်ဖော်က ရန်တွေ့ပြီး ပြန်ပြေးရတဲ့သူမျိုး၊ ယောကျ်ား က လည်း ဆီးချို၊ နှလုံး၊ သွေးတိုးစတဲ့ရောဂါမျိုးစုံရနေတဲ့ ကိုရစ်ချက်က သူ့ရောဂါနဲ့ သူစိတ် ဓာတ်ကျပြီး အရင်သေမှာပဲဆိုပြီး အဲဒီ သူ့မိန်းမ လူဆိုးမကြီး ဆွိတီအတွက် "ဆူးပန်းပွင့်" ဆိုတဲ့ ကဗျာလေးတောင် စပ်ပြီးရေးထားတယ်။ ကဗျာဖတ်တုန်းက ကျွန်မ ပြုံးမိပြန်ပါ တယ်။ စာရေးသူရဲ့ ငေါ့တော့တော့ဟန်ကို အထင်းသားတွေ့ရလို့ပါ။

**ဒဏ်ရာနဲ့ ထပ်တူ**

**ဆူးတွေနဲ့ ပန်း**

**ဆယ်ခါပြန်ဆူးစေဦးတော့**

**သည်မောင်မှာ ရင်ကော့လို့**

**ခံစေဦးတော့**

**ဝင့်ရှိတဲ့ပန်း....။**

ဂတ္ထုအကြောင်းအရ ချောအိမာန် (မန္တလေး) ရဲ့ အတွေးက ဆန်းသစ်နေပါတယ်။ ခင်ပွန်းသည်ရဲ့ အချစ်ကို ရိုးရိုးလေးပြောပြသွားတာကိုက ဂတ္ထုဟာ ချစ်စရာကောင်းနေပြန် ပါတယ်။ သေဆုံးသူကို မနစ်နာစေလိုတဲ့ စာရေးဆရာရဲ့ စေတနာကိုလည်း တွေ့ရပါ တယ်။

"ဖေဖေကျော်ကိုချစ်လိုက်ပါတဲ့ မောင်းမတွေရယ်" ကတော့ ရန်ကုန်က စာရေး ဆရာတွေထက်သာတဲ့ မန္တလေးလက်ရာစစ်စစ်ပါ။ မန္တလေးမြို့က နတ်ကတော် ဒေါ်ပန်းဝါ ဆိုတဲ့ ကိုကြီးကျော် စောင့်ရှောက်တဲ့ အမျိုးသမီးကြီးရဲ့လောကခံကို အရေးသွက်သွက်နဲ့ပဲ ရေးပြသွားတဲ့ ကျွမ်းကျင်ရာ လိမ္မာတဲ့ ဂတ္ထုရှည်တစ်ပုဒ်ပါ။

ဒီဂတ္ထုမျိုးကို ကျွန်မ မကြာခဏဖတ်ဖူးပေမယ့်လည်း ဖတ်တိုင်းလည်း ဖတ်လို့ ကောင်းနေတာဟာ ကျွန်မတို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေရဲ့ အစဉ်အ လာကို လေးစားမြဲ မသိစိတ် သိစိတ်ကြောင့် ဖြစ်မယ်လို့ထင်ပါတယ်။

ဒါပေမဲ့ စာရေးဆရာဟာ ပြတဲ့ရှုထောင့်ကို "နတ်ကတော်ဖြစ်လာတာဖြစ်ချင်လို့ ဖြစ်လာတာမဟုတ်ဘူး" က အစပြုတဲ့ ဂတ္ထုရဲ့အဖွင့်။ သားသမီးတွေကို အားမကိုးရတဲ့ အမေဟိုဟာ အသက်ခုနစ်ဆယ်အထိ ဖေဖေကျော်စောင့်ရှောက်လို့ ထမင်းနပ်မှန်ရှာတာ အပြင်

ယောက်ျားတောင် ကြိုက်ရမှန်း ချစ်ရမှန်းမသိဘဲ ခင်မိလို့ ဖအေကရိုက်ပြီး အတင်းပေးစားလို့ ရလိုက်ရတဲ့ ဘဝကိုပါ ခြယ်မှုန်းပါတယ်။

နတ်ကတော်တွေရဲ့ နေမှုထိုင်မှု၊ နတ်ကတော်သဘောမကျတဲ့ သမီးလတ်က နတ်ရုပ်တွေထည့်တဲ့တောင်းကြီး ဖျောက်ပစ်ဖို့ လုပ်တဲ့အထိ မြေးက နတ်ရုပ်တွေတုတ်နဲ့ ရိုက်လို့ စိတ်ဆိုးရတဲ့အဖြစ်တွေနဲ့ ဒေါ်ပန်းဝါရဲ့အလုပ်ကို စော်ကားလေခြင်းဆိုပြီး သမီးအိမ် ကနေ ကိုယ့်အိမ်ကိုပြန်လာပြီး နတ်ကတော်ပဲလုပ်တဲ့အတွက် သူ့တစ်ဝမ်းတစ်ခါး လောက်င ပြီး ဆန်ဖိုး၊ ဆီဖိုး မပူရတဲ့ဘဝကိုဖြတ်သန်းနေတဲ့အကြောင်း၊ ပြောသံဆိုသံ နတ်ကသံတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရေးပြသွားတာ ကျွန်မကတော့ နတ်ပွဲဇာတ်ပွဲ သွားကြည့်ရသလိုတောင် ထင်မိပါတယ်။

ကျွန်မ ဆက်ပြောဖို့ ဝတ္ထု (၃) ပုဒ် ကျန်ပါသေးတယ်။ အဲဒါတွေက “အတုလ အသံ”၊ “ငှက်တွေမှာလည်း အတောင်ပံနဲ့ အိမ်တွေမှာလည်း အမိုးတွေနဲ့”၊ “ရှူလီမြေက ပန်းကလေး” တို့ပဲဖြစ်ပါတယ်။ ဒီသုံးပုဒ်ကိုတော့ တစ်မျိုးတစ်စားတည်း ထည့်ချင်ပါတယ်။ ရှေ့ဆုံးက ဖတ်ဖြစ်တဲ့ “ရေစိုစို” ဝတ္ထုကလည်း ဒီပုံစံပေမယ့် နည်းနည်းစိတ်ကူးယဉ်ဆန်ပါ တယ်။ အလုပ်ပြုတ်သွားတဲ့ ကောင်မလေးက အလုပြင်ဆိုင်ပိုင်ရှင်ဖြစ်သွားတာကိုး။

အခုသုံးပုဒ်ကတော့ လူငယ်တွေရဲ့ကြိုးစားမှုနဲ့ အခက်အခဲတွေ လူကုန်ကူးခံရသလို ကိုဖြစ်ခဲ့ရတဲ့ အတုလအသံထဲက စင်ကာပူမှာ အလုပ်သွားလုပ်ရတဲ့ ကိုမိုးဟာ ဂန့်ဂေါက သူ့သူငယ်ချင်းသုံးယောက်ဖြစ်တဲ့ ကိုလေး၊ ဖူးဖူးနဲ့၊ စာရေးသူတို့ကို နိုင်ငံခြားမှာ အလုပ်သမားတစ်ယောက်ဖြစ်တဲ့ ခက်ခဲကြမ်းတမ်းတဲ့ သူ့အလုပ် သူ့ဘဝကို ပြောပြရင်း သူတို့ဇာတိမြေ ဂန့်ဂေါအရှေ့တောင်တန်းကနေ ရင်ထဲက အစစ်အမှန်ခံစားချက်တွေကို ကောင်းကင်ဖောက်မတတ် အော်ဟစ်ရင်း ပေါက်ခွဲပစ်တဲ့အခါမှာ ကျွန်မဟာ သူတို့နဲ့အတူ အတုလအသံတွေ ပဲတင်ထပ်မိပါတယ်။

ဒီလိုလူငယ်တွေ ဘယ်လောက်များနေပါသလဲ။ ဒါဟာ အတုလအသံရဲ့ အသံအစစ် အမှန်ပဲဖြစ်ပါလိမ့်မယ်။ ဒီလိုပါပဲ "ငှက်တွေမှာလည်း အတောင်ပံနဲ့" ထဲက ကလေးမလေး ဟာ အိမ်ကလေးတစ်လုံး ပိုင်ဆိုင်ချင်လွန်းလို့ စာကလေးအိမ်လေးတွေဝယ်ပြီး ကုသိုလ်ယူ တဲ့ ကောင်မလေးဟာ ပညာတတ်ဘွဲ့ရပြီး ကုမ္ပဏီမှာဝင်လုပ်ပေမယ့် မရိုးသားတဲ့အလုပ် ရှင်ရဲ့ "PA" ကောင်မလေးကြောင့် အလုပ်က ပြုတ်ပြီး စင်ကာပူမှာ Home Maid သွားလုပ် ရတဲ့အခါ အိမ်ရှင်ရဲ့ ရက်စက်မှုနဲ့ နှိပ်စက်မှု၊ ခိုင်းစေမှုကို လှိမ့်ခံရင်း မြန်မာစကားလည်း မပြောရဘဲ တစ်ရက်မှာ သူ့ကို ကူညီတဲ့အဒေါ်ကြီးကြောင့် စင်ကာပူထိပေါက်ပြီး မြန်မာ ပြ ည်ပြန်လာပြီး အိမ်ဝယ်နိုင်တဲ့အကြောင်းပါ။

အပြင်မှာ ဖြစ်ဖို့ခဲယဉ်းပေမယ့် အဲသလိုဖြစ်သွားတဲ့အခါ ကျွန်မ တော်တော်ဝမ်းသာ ပီတိဖြစ်ရတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ စိတ်ပင်ပန်းနေတဲ့အလှည့်ကို အနားပေးတဲ့ဝတ္ထုပါ။ ကြိုးစား တဲ့လူငယ်တွေ ပညာတတ်၊ ဘွဲ့ရတွေ တစ်နိုင်ငံမှာ အိမ်ဖော်လုပ်ရတဲ့အဖြစ်ကလည်း ရင် နာလှပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့လူငယ်တွေကို နေရာမပေးနိုင် အလုပ်မပေးနိုင်တဲ့ မျှော် လင့်ချက်မဲ့မှုကြောင့်ပဲလားဆိုတာ စဉ်းစားရာပါပဲ။

"ရှူ့လီမြေက ပန်းကလေး" ကလည်း ဒီလိုပုံစံပါပဲ မျှော်လင့်တကြီးနဲ့ စာရေးသူ လိုက်ရှာနေတဲ့ ကောင်မလေးကို တွေ့နိုး တွေ့နိုးနဲ့ပဲ မတွေ့ခဲ့ရပါဘူး။ တရုတ်ပြည် ကျယ် ဂေါင်မှာရောက်နေတဲ့ မြန်မာမလေးတွေရဲ့ လုံခြုံမှုဟာ အဲဒီ ဝတ္ထုထဲကလောက် စိတ်ချရတာ ရော တကယ်ဟုတ်ရဲ့လားလို့ မေးချင်စရာပါ။

မြန်မာနိုင်ငံနေရာအနှံ့ကရောက်နေတဲ့ မြန်မာမလေးတွေဖြစ်တဲ့ မေဂမာ၊ ဖူးပွင့်၊ မေခ၊ နှင်းဆီတို့သာ တွေ့ခဲ့ရတဲ့ အနိုပ်ခန်းမြင်ကွင်းဟာ "တို့မြန်မာ" လို့ ဂုဏ်ယူဝင့်ကြွား စရာ တစ်စက်မှမရှိပေမယ့် စာရေးသူရောက်ခဲ့တဲ့ ကောင်းမွန်သော အုပ်ချုပ်မှုရှိနေတဲ့ အနှိပ် ခန်းဖြစ်နေတာကလေးက ဖြေသာစရာပါ။

ဒါပေမဲ့ ကျွန်မ စိတ်မချမ်းမြေ့တာတော့ အမှန်ပါပဲ။ ရွှေလီကနေ မန္တလေးသာ ပြန်လာရတယ်။ ပန်းကလေးကို မတွေ့ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး။ ကျွန်မသာဆို ရင်ရော ပန်းကလေးကို ရှာတွေ့နိုင်ပါ့မလား။ အဘွားရဲ့ ပန်းကလေးကို ရွှေလီမြေက ပြန်ခေါ် ပေးချင်ပါရဲ့ကွယ်.....။

ချောအိမာန် (မန္တလေး) ကို ပြောချင်ပါတယ်။ မဂ္ဂဇင်းတွေမှာပါပြီးသား မန္တလေး ဟန်၊ မန္တလေးဝတ္ထုတွေကိုလည်း ဖတ်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုပဲ ပြောင် မြောက်ပြီး ခေတ်ကို ကိုယ်စားပြုတဲ့ ဝတ္ထုတွေကနေ message တွေ အများကြီးပေးနိုင်ပါ စေလို့ ဆန္ဒပြုရင်း စာပေအနုပညာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူတစ်ယောက် အဖြစ် အမြဲတမ်းဂုဏ်ယူလျက်ပါ။

**(ချောအိမာန်သို့ အမှတ်တရ)**

**ချစ်ခင်စွာ-**

**အစ်မ**



*

ရေစိုစို ထဘီနှစ်ထည်

လက်ရှိခေတ်စနစ်ထဲမှာရှိကြတဲ့ မြို့ကြီးတွေထဲက Beauty Salon ဆိုင်တချို့မှာ ရှိကြတဲ့ အခြေအနေနဲ့ နယ်က အလုပ်လာလုပ်ကြတဲ့ မိန်းကလေးတွေရဲ့ ကိုယ်ကျင့်တရား တသွင်သွင် စီးမျောနေတဲ့ မပြည့်စုံခြင်း.. ဆိုတဲ့ ခေတ်စနစ်ရဲ့ ရိုက်ချက်ထဲ ကူးခတ်နေကြ သူတွေ အချင်းချင်းဘဝကို ကိုယ်တိုင်ပုံဖော်တဲ့နေရာမှာ ဘယ်အစိတ်အပိုင်းက အရေးကြီး ဆုံးလဲဆိုတာ ပြချင်တဲ့ ဝတ္ထုတစ်ပုဒ်ပါ။

**ကလျာမဂ္ဂဇင်း**

## ရေစိုစိုထဘီနှစ်ထည်

ကြည့်စမ်းပါဦး..။ လက်တွေလည်း ရဲတွတ်ပြီး ညောင်းနေပြီ။ ဒါကိုပဲ အားမရနိုင် ဘူး။ ကျွန်မကပဲ ညံ့လို့လား ဟုတ်မှာပါ။ ဒါပေမဲ့ ဒီလူကတော့ လွန်ကို လွန်လွန်းတယ်။ စီးစီး ပိုးပိုးလည်း ရှိတယ်။ သူ့တူမ၊ သူ့သမီးလောက် အရွယ်တွေကိုမှ အားမနာ ကြောင်အို ပါးကြီး၊ ခါတိုင်းလာရင် သူ့ဘော်ဒါတွေနဲ့သူ၊ ဒီနေ့ သူ့ဘော်ဒါ မအားဘူးလေ.. တစ်ယောက် ကိုင်နေလို့၊ ဒီတော့ ကြောင်အိုကြီးက ဟိုကြည့် ဒီကြည့် ကြည့်တယ်။ ဒီတော့ မမကြည်ပြာ က ထောင့်မှာကုတ်ပြီး ဘီးထဲက ဆံပင်တွေကို ရှင်းနေတဲ့ ကျွန်မကို မျက်စပစ်ပြတယ်။ ကျွန်မကိုတော့ မမကြည်ပြာက စိတ်ချတဲ့ပုံ မပေါ်ဘူး။

ကောင်းကောင်းလုပ်နော်ကို ကချင်လို လှမ်းပြောတယ်။ ဒီကြောင်အိုရဲ့ ဘော်ဒါ မလဲ့နဒီက ကိုင်ချင်ပေမယ့် သူက ဦးဆောင်ပြီး ဘော်ကတို (ဗိုလ်ကတော်) ကို ဆံပင် ဖြောင့်ပေးရတာ ကြောင့် မျက်လုံးကတော့ ဒီဘက်ကိုပဲ လှမ်းလှမ်းကြည့်နေတယ်။

ဒီလူကြီးက လာရင်ခေါင်းလျှော်၊ အနှိပ်ခံ၊ မလဲ့နဒီနဲ့ စကားတွေ တတွတ်တွတ်ပြော၊ ပြန်ခါနီး မလဲ့နဒီလက်ထဲ အစိမ်းရွက်တွေ တစ်ထပ်လိုက်ထည့်။ တစ်ပတ်တစ်ခါ အမြဲ လာတယ်။ တစ်ခါတစ်လေ သုံးရက်ခြား တစ်ခါတောင် လာတတ်သေး။ မလဲ့နဒီက မျှော်နေ တာ။

သူ့အသုံးပြုတ်နေပြီလေ။ ပြတ်မှာပေ့ါ ရည်းစားနဲ့ သွားသွားနေတော့ ပိုက်ဆံကုန် တာပေ့ါ။ သူ့ချစ်သူအတွက် အကျႌဝယ်ပေးချင်လို့ ဒီကြောင်ပါးကြီးကို စောင့်နေတာ။ ဒါကို ဆိုင်ရှင် မကြည်ပြာကလည်း သိတယ်။ ဒီမှာပေ့ါ ဒီလူကြီးမျက်လုံးတွေက မြွေပွေးလိုပဲ။ မလဲ့နဒီကို ကြည့်ရင် အရောင်တွေ တဖိတ်ဖိတ်တောက်နေတာ။ နှာခေါင်းကတော့ မချွန့် တချွန်နဲ့ ဆံပင်က ခပ်ကျဲကျဲပါ။ ဒါကိုပဲ မပြီးနိုင်ဘူး။ ကောင်းပါတယ်။ ကျွန်မတို့ဆိုင် ပိုက်ဆံ ရတာ ပေ့ါ။

“ကောင်မလေး ဘယ်လိုလုပ်နေတာလဲ စိတ်မပါဘူးလား။ အားထည့်နှိပ်လေ”

ဒုက္ခပါပဲ ဒီထက်အားထည့်နှိပ်ရရင်ည်း သူ့ပခုံးသားကြီးက နွားပခုံးသားကြီးလိုပဲ။ မာကျောပြီး ဘုဖြစ်နေတာတော့ မပြောဘဲနဲ့။ ဇိမ်ကလည်း ခံနိုင်ပ့ါ။ ပိုက်ဆံရှိတဲ့သူများကြ တော့။

ကျွန်မ သူ့ကုပ်ပိုးကြီးကို နှိပ်ရတာ အားကုန်လွန်းလို့ ခြေထောက်တောင် မြောက် လာပြီ။ သူ့ရဲ့ နားထင်တွေဆီ ကုပ်သားတွေဆီ ကျွန်မလက်က ရောက်သွားတော့ သူပါးစပ် က အေးခနဲနေအောင် လေကတက်လိုက်သေးတယ်။ အမေရဲ့ ဆံနွယ်ဖြူတချို့ တင်နေတဲ့ ဦးခေါင်းရဲ့ နားထင်စပ်တွေကို ဆေးပူပူလေး ပွတ်လိမ်းပြီး နှိပ်ပေးရတာ ကို သတိရမိတယ်။ အမေ နည်းနည်းငယ်တုန်းက “သမီးရယ် ဆံပင်ဖြူတွေ နုတ်ပေးစမ်းပါ … ယားလွန်းလို့ တစ်ပင် ဆယ်ပြားပေးမယ်” ဆိုတော့ ကျွန်မ နုတ်တာ နှစ်ကျပ်ဖိုးလောက်အထိ ရဖူးတယ်။

အင်း ဒီကောင်အိုခေါင်းက ထိုးထိုးထောင်ထောင် ကြာဆံတွေကို နုတ်လိုက်ရင် တော့ တစ်ခေါင်းလုံးတောင် ခေါင်းတုံးဖြစ်သွားမလားဘဲ။ ရေနွေးစပ်ပြီး သူ့ဆံပင်တွေပေါ် ရေလောင်းချတော့ ကြာဆံတွေ ဝပ်တွားပြီး လဲကုန်တယ်။ လူကသာ အသက်ကြီးတာ လာရင် ခေါင်းလျှော်တိုင်း "PAULMITICHELL" ပဲ။ ဒါကလည်း မလဲ့နဒီ အကျင့်လုပ်ပေး လိုက်တာလေ။

"အစ်ကို့ဆံပင်တွေက ဒီခေါင်းလျှော်ရည်နဲ့ အလိုက်ဖက်ဆုံး..ဆံပင်လည်းမကျွတ် တဲ့အပြင် ဦးရေအတွက် ကောင်းသလို ဆံသားပျက်စီးမှုကိုလည်း ကာကွယ်"

"ကဲ ကဲ ညီမလေးသဘော ကောင်းရင် ပြီးတာပဲ"

အဲဒီ ကစပြီး ဒီလူကြီးက လာလိုက်ရင် မလဲ့နဒီပါးစပ်ကထွက်တဲ့ တံဆိပ်ကိုပဲ သုံး တယ်။

"ကြည့်ပါဦး အစ်ကိုကြီးက ခရီးသွားလိုက်တော့ အသားတွေ ညစ်လာလိုက်တာ ဖုန်တွေ ဂျီ (ကြေး) တွေ ဘယ်လောက်တောင် အောင်းနေလဲမသိဘူး။ တစ်ခါတည်း ဆေးသွားလိုက် လဲ လုပ်ပေးလိုက်မယ်"

အိုကေ .. ကြောင်အိုကြီးက လုပ်တာပေ့ါ။ သူ့ပါးကြမ်းကြမ်းကြီးပေါ်ကို မလဲ့နဒီရဲ့ လက်ချောင်းလေးတွေက တို့လိုက်၊ ပွတ်လိုက်၊ သပ်ပေးလိုက်နဲ့ ဇိမ်ခံဖွင့်ထားလိုက်တယ်။ ကြောင်အိုကြီးက သဘောကျ။ မလဲ့နဒီက အခြားကောင်မလေးတွေကို မျက်စပစ်ပြနဲ့ အချိန်လေး ပိုပိုသာသာ ထိထိမိမိ လုပ်ပေးလိုက်တော့ ဆိုင်အတွက် ပိုက်ဆံပိုရသလို ဒီလို လူများများလာလေ တွက်ချေကိုက်လေပဲ။ မလဲ့နဒီက အပြောကောင်း အဟောကောင်း။ ဒါကြောင့် မမကြည်ပြာက အရင်လကတည်းက လခပိုပေးပြီး လက်ထောက်သဘော မျိုး ခန့်ထားလိုက်တယ်။

ဂျီး (ကြေး) မရှိဘဲ ဆီပဲရှိနေတဲ့ ကြောင်အိုးကြီးရဲ့ဆံပင်တွေကို

သက္ကလတ် မွေးပွပွ နဲ့ သုတ်ပေးလိုက်တယ်။ ကြောင်အိုကြီးက
နားထဲမှာရေဝင်သွားလို့ ယားဟန်နဲ့ ကြက်သီး တောင် ထပြနေသေးတယ်။ နောက်
ဆံပင်ခဏအခြောက်ခံထားတုန်းကို လူကြီးနဲ့ မျက်နှာ ချင်းဆိုင်ဘက်ကို သွားပြီး
လက်မောင်းတွေ၊ လက်တွေကို နှိပ်ပေးရတယ်။ မလှဲ့နဒီတို့ သင်ပေးထားတဲ့အတိုင်း
ကြောင်အိုကြီးရဲ့ လက်မောင်းတွေက ကြီးလွန်းလို့ ကျွန်မလက်နဲ့ မပေါက်နိုင်ဘူး။
လက်သူကြွယ်မှာ ရွှေလက်စွပ်အကြီးကြီး။ အလယ်မှာ စိန်တစ်ပွင့်က လက်နေတာပဲ။

လက်ထပ်လက်စွပ်ကြီး ထင်ပါရဲ့။ ဝတ်ထားတဲ့ အကျႌတံဆိပ်ကို
ကျွန်မသိတယ်။ ခဏခဏ မဂ္ဂဇင်းတွေထဲမှာ တွေ့ဖူးလို့ ဂျော်ဒန်းနိုးဆိုလားပဲ။
အသက်သာကြီးတာ အမြဲ တမ်း အရောင်တွေက တောက်ပနေတာ။ ဗိုက်ပူပူက
ဘေးတိုက်ကြည့်ရင် လိပ်အခွံကြီး သူ့ဗိုက်ပေါ် တင်ထားသလိုပဲ။

“ဟဲ့ ပြောနေတာ မကြားဘူးလား”

“ရှင် ..”

“ဟာ အူတူတူနဲ့”

“ဟုတ် ဘာပြောလိုက်လဲ မသိလို့”

“ကျော မနှိုက်တော့ဘူးလား”

“ကျော ! ဟို”

ကျွန်မ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတယ်။ မျက်နှာလည်း
ဖြန်းခနဲ ပူသွား သလိုပဲ။ မမကြည်ပြာက ယောက်ျားတွေဆို ကျောမနှိုက်ပေးရဘူးလို့
မှာထားတယ်။ ဒီ ကြောင်အိုကြီးကို မလှဲ့နဒီက အမြဲကျောတွေပါ
ဆွဲနှိုက်ပေးနေကျထင်ပါရဲ့..။ ဆိုင်မှာက လိုအပ်သလောက်ပဲ လက်ပွန်းတတီး
လုပ်ပေးခွင့်ရှိတယ်။ ကျောနှိုက်တယ်ဆိုတာက နောက်ကျောထဲကို လက်အဆုံးထိ
ဝင်နှိုက်ပြီး အကြောတွေကို ကုပ်ပိုး၊ ဇက်အထိ လေးငါး ခါလောက် ဆွဲပေးရတဲ့

ဝန်ဆောင်မှုတစ်ခုပါ။

ကျောင်းအိုကြီးက ထပ်မေးတယ်။

“ကျွန်မ မလုပ်တတ်လို့ပါ”

ကျွန်မ စွန့်စားဖြေလိုက်တာကို ကျောင်းအိုကြီး စိတ်တိုသွားပုံရတယ်။

“ကဲ .. မြန်မြန်လုပ် သွားစရာရှိတယ်”

ကျွန်မ သူ့ရဲ့ လက်ကြီးတွေကို ကျွန်မ လက်သေးသေးလေးနဲ့ ညှပ်ပြီး တဖြောင်း ဖြောင်း ချိုးပေးလိုက်တယ်။ ဒီလို ကျ အရသာရှိနေပုံနဲ့ ဇိမ်ခံနေတယ်။

သူ့ရဲ့ ရေစိုဆံပင်တွေကို အခြောက်ခံဖို့ ထိုင်ခုံပေါ် ခေါ်လာတော့ မလဲ့နဒီက အဆင်ပြေလား လှမ်းမေးတယ်။ လူကြီးက ဘာမှမပြောဘူး။ မမကြည်ပြာက ကော်ဖီတစ် ခွက် ဖျော်ခိုင်းလိုက်တယ်။ ဒါမျိုးဆို သောက်ပြပါလိမ့်မယ်။ ရှုလွှတ်ရှုလွှတ်နဲ့ အသံမြည် အောင်။ မလဲ့နဒီက လာလုပ်ပေးချင်ပေမယ့် မျက်ခုံးရိတ်ပေးနေရတာ ကြောင့် မအားလပ် ဘူးဖြစ်နေတယ်။

သူ့ဆံပင် ခပ်ကျဲကျဲက ဆယ်ခါလောက် ပွီးလိုက်တာနဲ့ ခြောက်သွားတယ်။ ဆီလေး နည်းနည်းပွတ်ပေးပါဦးဆိုလို့ ပွတ်ပေးလိုက်တယ်။ ပြီးတာက ပြီးနေပြီ။ ဒါပေမဲ့ ကျောင်းအို ကြီးက မထသေးဘူး။ မလဲ့နဒီဘက် ကြည့်နေတယ်။ ကျွန်မ စိတ်ထဲ တစ်မျိုးပဲ။

နောက်ပိုက်ဆံယူပြီး လှည့်အထွက် ကောင်တာဘက်ကိုအလာ မမကြည်ပြာဆီ ပိုက်ဆံအပေး... အနောက်မှန်တစ်ခုထဲကနေ မလဲ့နဒီက လက်ငါးချောင်းထောင်ပြလိုက် တွေ့လိုက်ရတယ်။ ဘာပါလိမ့်လို့ တွေးမိသွားတယ်။ မမကြည်ပြာက မှန်းတံခါးအထိ လိုက်ပို့တယ်။ ငါးမိနစ်လောက်တော့ အပြင်မှာ ခဏရပ်ပြောနေတာ တွေ့ရတယ်။

မမကြည်ပြာ ပြန်ဝင်လာတယ်.. ကျွန်မကို တစ်ချက်လှမ်းကြည့်တယ်။ မမကြည် ပြာအကြည့်က တစ်မျိုးပဲဆိုတာတော့ သိပေမယ့် အဓိပ္ပာယ်မဖော်တတ်ဘူး။ ညနေ ငါးနာရီ ထိုးခါနီး တော့ မလဲ့နဒီ ရှိုးအပြည့်နဲ့ ဆိုင်ထဲကထွက်လာတာ တွေ့ရတယ်။ အဲဒီ ကျမှ ဒက်ခနဲ သတိရမိတယ်။

မှန်ထဲက လက်ငါးချောင်းထောင်ပြတာ ငါးနာရီဖြစ်နိုင်တယ်။ ကြောင်အိုကြီးနဲ့ ချိန်း ထားတာများလား။ ဒီလိုဆို မလဲ့နဒီက ဆိုင်ထဲတင် မဟုတ်တော့ဘဲ အပြင်ဘက်အထိ ဈေးကွက်စီးပွားရေးကို ချဲ့ထွင်နေပြီလား။ ညနေ နားချိန် သူက အကြီးဆိုတော့ တစ်နာရီရ တယ်။ ကျန်တဲ့သူတွေက နာရီဝက်၊ ကျွန်မကတော့ ထွက်စရာမရှိလို့ ဒီဆိုင်ထဲမှာပဲ အချိန်ကုန်သွားလေ့ရှိတယ်။ အပြင်ကို မလဲ့နဒီက ဆွေရီဆိုတဲ့ ကောင်မလေးကို ဆိုင်ကယ်နဲ့ လိုက်ပို့ခိုင်းတယ်။ ဆွေရီပြန်လာတော့ သူတို့အချင်းချင်းပြောနေသံ ကြားရ တယ်။ ဟုတ်တယ် မလဲ့နဒီ .. ကြောင်အိုကြီး ကားပေါ် ပါသွားတယ်တဲ့။

"တိုးတိုး... နင့်ကို အစ်မခေါ်နေတယ်"

အတွေးစတချို့ ပြတ်သွားတယ်။ အပေါ်ထပ်က အစ်မ အခန်းထဲရောက်တော့ လက်သည်းဆိုးနေတဲ့ မမကြည်ပြာကို တွေ့ရတယ်။

"အစ်မ ခေါ်တယ်ဆို"

"အေး ဟုတ်တယ် .. ဒီမှာထိုင်"

"ဟုတ်"

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ပြည့်တော့မယ် အစ်မ"

"နင်က ရှက်တတ်တာလား၊ ဒါမှမဟုတ် ဣန္ဒြေရပြနေတာလား"

"ရှင် ! .. အစ်မ ဘာကိုပြောတာလဲ"

“မနက်က ကိုအောင်ခန့်ကို နင်က ကျောနှိုက်ပြီး နှိပ်မပေးချင်ဘူးလို့ ပြောတယ်ဆို”

“သြော် ဟုတ် အစ်မ မှာထားတာကြားလို့ပါ။ ယောကျ်ားလေးတွေကို ကျောနှိုက် ပြီး မနှိပ်ပေးနဲ့လို့…”

“ကိုအောင်ခန့်က ငါတို့ဆိုင်ကို အမြဲလာနေတဲ့ ဖောက်သည် နင်က လုပ်မပေးနိုင် လို့ ငြင်းလိုက်တော့ ဘယ်ကောင်းမလဲ။ သူ့လိုမျိုးဖောက်သည် ပျက်သွားရင် ဘယ်လိုလုပ် မလဲ။ အရင်တုန်းက မှာထားပေမယ့် လူကြည့်အလုပ်လုပ်ရတယ်ဟဲ့။ ဒါကြောင့် မနက်က ငါစိတ်မချတာ ဆိုင်တွေက အပြိုင်အဆိုင်များပါဘိနဲ့ နင့်ကို ခြေထောက်နှိပ်ခိုင်းလည်း နှိပ်ရ မှာပဲ ဒါမှ ပိုက်ဆံယူကောင်းတာကို နင် နားမလည်ဘူးလား နင်နှိပ်တာကိုလည်း မကြိုက်ဘူး တဲ့ ပြောသွားတယ်.. ဒါကြောင့် အကူကနေ မတက်တာ ဘယ်လိုနေရာပေးပြီး ခိုင်းမလဲ ပြောစမ်း”

အစ်မအသံကြောင့် ကျွန်မ ဝမ်းနည်းစွာ မျက်ရည်ဝဲမိတယ်။ အစ်မ မှာထားတဲ့အ တိုင်း လုပ်မိတာ ကျွန်မအပြစ်ဖြစ်နေပြီလား။ ဟိုလူကြီးကရော သူ့ကို ဒါလေးမလုပ်ပေးမိ တာနဲ့ ဆိုင်ရှင်ကို တိုင်စရာလား။

တကယ်တမ်း သူတို့အတွက် ဖိမ်ခံရုံသက်သက်၊ ကျွန်မအတွက်တော့ အကူကနေ မတက်ပေးတဲ့အပြင် လစာကိုတောင် ထောင်လျှော့ပစ်လိုက်သေးတယ်။ ကျွန်မ အမေ့ကို သတိရမိတယ်။ လစာလေး နှစ်သောင်းခွဲနဲ့ အမေရှိတဲ့ ရွာကို ဘယ်လိုများ ပို့နိုင်ပါ့မလဲ။

အသက်မွေးဝမ်းကျောင်းတစ်ခုအတွက် မိတ်ကပ်၊ ဆံပင်ပညာကို တတ်ချင်လွန်းလို့ အမေပိုင်ပစ္စည်းလေးတစ်ချို့ ဖွဲ့ရောင်းပြီး သင်တန်းစရိတ်ပေးတက်လာခဲ့တာက အောက်ထစ်ဆုံး ဆိုင်လေးမဖွင့်နိုင်တောင် ကျွမ်းကျွမ်းကျင်ကျင် အဆင့်လေးတော့ တတ်မြောက်ချင်တာကြောင့်ပါ။

"သမီးရယ်... အတန်းပညာမတတ်ရင်တောင် အသက်မွေးဝမ်းကျောင်းပညာတော့ တတ်ထားရမယ်။ ဒါမှ သမီး ကိုယ့်ဟာကိုယ် ရပ်တည်နိုင်မှာ . အမေ့အနားမှာချည်း နေဖို့ မဖြစ်ဘူး သမီးဝါသနာပါတဲ့ ဆံပင်မိတ်ကပ်ပညာကို တတ်အောင်သင်"

ကျွန်မ ဆံပင်မိတ်ကပ်ပညာ တတ်သင့်သလောက် တတ်ပေမယ့် လက်တွေ့စမ်း သပ်ခွင့် နည်းခဲ့တယ်။ မဂ္ဂဇင်းစာအုပ်တွေထဲက မိတ်ကပ်၊ ဆံပင်တွေအကြောင်းပါရင် ရသမျှကို ကိုယ့်ဗလာစာအုပ်လေးထဲမှာ လိုက်မှတ်ထားရတယ်။ အားတဲ့အချိန် ပြန်ဖတ် ပေ့ါ။ လက်တွေ့လုပ်ခွင့်မရတော့ မျက်လုံးနဲ့ပဲ လိုက်ကြည့်ရတယ်။ တစ်ခါတစ်လေများ လူမရှိရင် ဝင်ညှပ်ချင်လိုက်တာ မပြောပါနဲ့တော့။ ဒါ ပေမဲ့ မမကြည်ပြာက အနားတောင် အကပ်မခံဘူး။ ကျွန်မကိုတံမြက်စည်းလှည်းဦး၊ ဟင်းချက်ဦး၊ ကော်ဖီဖျော်ဦး၊ ရေတင်ဦး၊ ရေနွေးစပ်ပေးဦး၊ တဘက်တွေ နေပူလှမ်းဦး၊ ဘီးတွေ ဆေးဦး၊ ဒါတွေပဲ ခိုင်းချင်တာ။ အဲဒါ ဘာလို့ ပါလိမ့်နော်။

အတွေးတွေ ယှက်သန်းနေဆဲ မှန်တံခါးအပြင်ကို ကြည့်မိတော့ တိမ်ပြာပြာ မိုးကောင်းကင်တစ်ခု ရွေ့လျားနေတယ်။ ခုတော့ လှပနေသားပဲ။ ဆိုင်မှာ ပြောပြောနေကြ တဲ့ ဒီမိုကရေစီတဲ့။ အဲဒါလည်း စိတ်မဝင်စားမိပါဘူး။ ခု စိတ်ဝင်စားနေတာက လက်ထဲမှာ ပိုက်ဆံသိပ်မရှိဘူး။ အခြားသူတွေလို ဘာကော်မရှင်၊ ညာကော်မရှင်မှလည်း မရဘူး။ ကျွန်မ ညံ့တာကိုး။ သူတို့က အဲဒီ လိုပဲ စာရင်းသွင်းကြတယ်။ အမေ့အိမ်လခအတွက် စိတ်ပူ နေရတယ်။

ဟာ ..ထမင်းအိုးကြီး ဂေကျနေပြီ။ သေတော့မှာပဲ။ အတွေးလွန်ဂရက်ထဲက အမြန် ထွက်ပြီး ဆိုင်ရှိ လူကုန်စာထမင်းအိုးကြီး ငှဲ့ရတယ်။ အင်း. ထမင်းမပျော့ပါစေနဲ့ မမကြည် ပြာက ပျော့ရင် လုံးဝမကြိုက်ဘူး။

ဆန်လေး နှစ်စေ့သုံးစေ့ကို လက်နဲ့ ခြေကြည့်တယ်။ တော်သေးတယ်။ ပျော့မသွား လို့၊ ထမင်းအိုးထဲက ထမင်းစေ့တွေကို ယောက်မနဲ့

မျက်နှာပြင်လှအောင်ညှိရင်း ဆန်ချင်း ကွာခြား ခြားနားလိုက်တာလို့ တွေးနေမိတယ်။ အမေ့ရဲ့ ဆန်မရဲတရဲတွေကို သတိရမိတိုင်း ကျွန်မတို့စားနေကျ ရှမ်းဆန် စီးစီးပိုင်ပိုင်လေးက လည်ချောင်းထဲ နင်သွားတယ်။ မမကြည် ပြာက ဟင်းမကောင်းရင်နေ ဆန်ကိုတော့ အကောင်းကြိုက်တယ်။ ဆိုင်ကလူတွေအားလုံး လည်း ဒီဆန်ပဲ စားရတယ်။

ညဦးပိုင်းမှာ လူတွေ ပိုများလာတယ်။ ကျွန်မ လျှော်ပြီးသားခေါင်းတွေကို အခြောက် လေမှုန်ပေးရတယ်။ ပိတ်ရက်လည်း ဖြစ်တော့ လူအရမ်းများတယ်။ အကုန်လုံးက အလျှင်လိုနေတဲ့သူတွေချည်းပဲ။ မလှဲ့နဒီ ပြန်လာတော့ အဝတ်အစားမလဲနိုင်ဘဲ အမြန်ဝင် ကိုင်ပေးရတယ်။

ဒီအထဲ ဆိုဖာမှာထိုင်စောင့်နေတဲ့ အမျိုးသားလေးတစ်ဦးက ထလာပြီး သူညှပ်ချင် တဲ့ပုံစံကိုပြောပြနေတယ်။ မသက်က သူပြောတဲ့ပုံစံကို နားလည်ဘူး။ မသက် မကျွမ်းကျင် ဘူး။ ကျွန်မသိတယ်။ သူက ရိုးရိုးလောက်ပဲ ညှပ်တတ်တာ။ ခု သူပြောတဲ့ပုံစံက ခေတ် လည်း သိပ်မမီဘူး။ သိပ်လည်း မရိုးလှဘူး။ နားထင်စပ်နားမှာ ဒေါက်ခပ်ပါးပါးချမယ်။ ရှေ့က ဘေးခွဲပြီး ခွဲတဲ့ဘက်က အထပ်ထပ်ဖြစ်အောင်ညှပ်ပြီး နည်းနည်းပါးမယ်။

ဒါကို မျက်စိတွေလည်ထွက်ပြီး မသဲက အင်း.. အဲနဲ့ ဖြစ်နေတာ။ အဲဒီ ကောင်လေး မျက်နှာနဲ့ လိုက်ဖက်တဲ့ဆံပင်ပုံစံတစ်ခုပဲလို့ ကျွန်မ သဘောပေါက်မိတယ်။ မမကြည်ပြာက ကောင်းလေးကို အသေးစိတ်မေးမြန်းနေတယ်။ တကယ်တော့ မမကြည်ပြာကိုယ်တိုင်က အညှပ်မှာ သိပ်မကျွမ်းကျင်ဘူး။

အရင်က ကျွန်မမှာဆရာတစ်ယောက်ရှိခဲ့ဖူးသေးတယ်။ သူ့ဆီကလည်း ကျွန်မ ပညာရလိုက်တယ်။ ဒီလိုပဲ သူ့ဆိုင်မှာသွားနေရင်း သူညှပ်တာကို ကြည့်ရတာ ပေါ့။ အဲဒီ ဆရာ စောစောစီးစီး သေသွားခဲ့တာကို စိတ်ထဲ နှမြောလို့မဆုံးဘူး။

မမကြည်ပြာ ဘယ်သူ့ကို ပေးညှပ်ရမလဲ စဉ်းစားနေတယ်။

ကျွန်မက မမကြည်ပြာနားသွားရင်း အရဲစွန့်ပြီး တစ်ကြိမ်လောက်ညှပ်ခွင့်ပေးပါးလို့ တောင်းဆိုလိုက်တယ်။ မမကြည်ပြာက မျက်လုံးပြူးသွားမယ်ဆိုတာ သိပေမယ့် မတတ် နိုင်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေတာမို့ စိတ်ထဲမှာ ညှပ်ပေးချင်နေတာ အမှန်..။ မမကြည်ပြာက သေချာလို့လား တစ်ခွန်းမေးရင်း ဆုံးဖြတ်ချက်ချလိုက်ပုံရတယ်။ ညှပ်ရမယ့်ပုံစံကို ပြန်ပြောပြရင်း ညှပ်ခိုင်းလိုက်တယ်။ အခြားသင်တန်းသူတွေလည်း ကျွန်မ ကို လိုက်ကြည့်နေတယ်။

ကတ်ကြေးကိုင်ရင်း ပထမဦးဆုံး ညှပ်ခွင့်ရတဲ့ အမျိုးသားလေးရဲ့ ခေါင်းဟာ သိပ်မ ကြာခင်မှာပဲ သူပြောတဲ့ဆံပင်ပုံစံလေးပေါ်လာတယ်။ ကျွန်မက အပြန်အပြန်အလှလှန် မေးရင်း အမျိုးသားလေးစိတ်တိုင်းကျရဲ့လား မေးရတယ်။ အမျိုးသားလေးက လိုအပ်တာ လေးပြော၊ ပြီးတော့ ဆံပင်ကို ရှေ့ရော နောက်ရောကြည့်ရင်း.. “အရမ်းကြိုက်တယ်” ဆိုတဲ့ အမျိုးသားလေးအသံက အခန်းထဲမှာ အတော်လေး သာယာသွားတယ်။

ကျွန်မဆိုတာ ရင်တွေခုန်လွန်းလို့ ပြောမနေပါနဲ့တော့။ မမကြည်ပြာရဲ့ မျက်နှာက လည်း ပြုံးရွှင်ပြီး “ဟင်းချသွားပုံပါပဲ” အားလုံး အံ့သြနေတယ်ဆိုတာကို ကျွန်မ ခံစားမိ တယ်။ အမျိုးသားလေးက ခုနကနဲ့ ဘာမှမဆိုင်ဘဲ ဆံပင်ပုံစံပြောင်းလဲမှုကြောင့် သိပ်ကို ရုပ်ပြောင်းပြီး လှသွားခဲ့တယ်။

မမကြည်ပြာက ကျွန်မကို အားလုံးရှေ့မှာ ချီးကျူးတယ်။ အစကတော့ အဖက်မ တန်ဆက်ဆံသူတွေက နောက်ပိုင်းမှာ ကျွန်မ နေရာရသွားမှာကို စိုးရိမ်စိတ်ကြောင့် ဆက်ဆံရေးပိုကျဲသွားတယ်။ မလဲ့နဒီက ပိုဆိုးလာတယ်။

နောက်ပိုင်းမှာတစ်ရက်ကို ညှပ်ခေါင်း သုံးခေါင်းလောက် ကိုင်လာရတယ်။ ဒီ နောက်ပိုင်း ကျွန်မနဲ့မှ ညှပ်ချင်သူတွေ ရှိလာတယ်။ ကျွန်မ

ညှပ်ပေးလိုက်တဲ့ အမျိုးသား လေးမကြာခဏလာရင်း ခေါင်းလာလာလျှော်တယ်။ အမျိုးသားလေးနဲ့ ကျွန်မခင်လာတော့ သူ့ရဲ့လိပ်စာကတ် ပေးသွားတယ်။ သူ့လိပ်စာကတ်ကိုကြည့်တော့ ကျွန်မအရမ်းအံ့သြ သွားတယ်။ သူဟာသိပ်ကို နာမည်ရနေတဲ့ Beauty Sloon ဆိုင်ရဲ့ ပိုင်ရှင်တစ်ဦးပဲ။ သူ ဘန်ကောက်ကို တစ်လလောက် ခရီးသွားမယ်ပြောသွားခဲ့တယ်။

ကျွန်မအတွက်တော့ ကံကြမ္မာကြီးက သိပ်အံ့သြစရာကောင်းတာပဲ။ ကျွန်မ အခွင့် အရေးလေးတွေ ရလာချိန်မှာ အမေ့အတွက် ကြိတ်ဝမ်းသာခဲ့တယ်။ အမေက ကျွန်မကို သိပ်မျှော်လင့်နေခဲ့တာ။ ဘဝမှာ ပုလင်းတူ ဘူးစို့ချင်းသာ လိုက်ဖက်တာမဟုတ်လား။ ဒါကြောင့် ကျွန်မက ဒီဆိုင်ထဲမှာ သပ်သပ်ပဲဖြစ်နေခဲ့တယ်။ နဂိုကတည်းက ကျွန်မအပေါ် ကြည်ဖြူသူတွေမှ မဟုတ်တာ။ နောက်ဆုံး မနာလိုခြင်းတွေ ရောယှက်လာတော့ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ထိုးကျွေးလိုက်ရတယ်။ အားလုံးရဲ့ ရှေ့မှာ မထင်မှတ်ဘဲ ကျွန်မဟာ သူခိုး မတစ်ယောက်ဖြစ်သွားတယ်။ သိပ်ကို ပစ်စလတ်ခတ် နိမ့်ကျလွန်းတဲ့ ဇာတ်ကွက် တစ်ခုဆို တာ ကျွန်မသိခဲ့တယ်။

ကျွန်မ အံ့သြမှု၊ တွေဝေမှုတွေနဲ့ ခံပြင်းတုန်း၊ မမကြည်ပြာက ပိုင်ရှင်ပီပီ ဘာမှ မသုံးသပ်တော့ဘဲ အားလုံးရှေ့မှာ ရပ်တည်မယ့်သူမရှိဘူး။ ကျွန်မ ဖမ်းဆုပ်နိုင်မယ့် တရားခံအစစ်ကို ကျွန်မ မပြနိုင်ခဲ့ဘူး။ အဲဒီ တရားခံက ကျွန်မကို ကောင်းကောင်းသတ်သွား ခဲ့တယ်။ ဒီလိုဖြစ်သင့်သလား။ ဓားကြီးရေစိုပါတိတ်တစ်ထည်နဲ့ ဘီဘဲလ်လုံချည် မိတ်ကပ် ရင့်ရောင်ဟာ ရေစိုစိုနဲ့ လိမ်ပြီး ကျွန်မသေတ္တာထဲ ခြေထောက်ပေါက်ပြီး ရောက်လာတာ တော့မဖြစ်နိုင်။

ကျွန်မတို့ဆိုင်နဲ့ အနောက်ကပ်လျက်တိုက်က ထဘီလျှော်ထားပြီး လှန်းထားတာ ပျောက်သွားလို့ဆိုပြီး လာတိုင်တယ်။ ဒီအရင်ကလည်း နှစ်ထည် သည်းမခံနိုင်လို့ လာတိုင် ရကြောင်း။ ယူနိုင်စရာဆိုလို့ ဒီဘက်က မြင်ရတဲ့ အပေါက်တစ်ခုသာရှိပြီး ကျန်တဲ့ဘေးအိမ် တွေက သံဆူးကြိုးတွေများလို့

မဖြစ်နိုင်ကြောင်း မမကြည်ပြာကို ပြောတယ်။

မမကြည်ပြာကလည်း မျက်နှာပျက်ပြီး အန်တီ့စိတ်တိုင်းကျ ရှာနိုင်ကြောင်း၊ ကျွန်မတို့အားလုံးက ဆိုင်အောက်ထပ်မှာပဲရှိလို့ သိဖို့အခွင့်အရေးနည်းခဲ့ကြောင်း၊ ပြော တယ်။ အဲဒီ အမျိုးသမိးကလည်း တရားဝင်ရှာချင်ကြောင်း၊ ခွင့်တောင်းဆိုရင်း ကျွန်မတို့ အားလုံး အပေါ်ထပ်တက်ခဲ့ကြတယ်။ အပေါ်ထပ်ရဲ့အခန်းကြီးတစ်ခုထဲမှာ ကျွန်မတို့ အားလုံး စုနေကြတယ်။

ကျွန်မလည်း လိုက်လာရင်း ဘာကြောင့်မှန်းမသိ ရင်တုန်နေမိတယ်။ သေတ္တာတွေ ကို တစ်ခုပြီးတစ်ခု လှန်လှော်ရှာတယ်။ ကျွန်မပိုင်တဲ့ သေတ္တာလေးက ခပ်သေးသေးရယ် ပါ။ ကျွန်မ သေတ္တာအလှည့်ရောက်တော့ ချိတ်ထားတဲ့သော့လေးကို ကိုယ်တိုင်ဖြုတ်ပေး လိုက်တယ်။ သေတ္တာအဖုံးကို ဖွင့်ပြီး အဲဒီ အမျိုးသမိးက သေတ္တာအထက်အောက် ဘေးတွေကို နှိုက်ပြီး

"တွေ့ပြီ တွေ့ပြီ ဒီမှာ "

"ဟင်"

ထိုအမျိုးသမီးလက်ထဲက ရေစိုစို လိမ်ကျစ်နေတဲ့ ထဘီနှစ်ထည်ဟာ ကျွန်မ သံသေတ္တာဘေးကြားထဲကနေ ထွက်လာတယ်။

"သူခိုးမ"

ထိုအမျိုးသမီးရဲ့ ပျစ်ပျစ်နှစ်နှစ်ပြောဆိုအောက်မှ ကျွန်မမျက်လုံးတွေ ပြာဝေမူး နောက်လာခဲ့တယ်။ ဘယ်လိုလုပ် ကျွန်မသေတ္တာထဲ ဒီထဘီတွေ ရောက်နေတာခဲ့တာလဲ။

ကျွန်မ မခိုးဘူး။ မယူဘူး။

အသိစိတ်တို့ ကင်းလွတ်သွားရင်း ဘာမှကို ပြန်မပြောနိုင်ခင်

အံ့သြမှင်သက်နေ တုန်း ကျွန်မ ကုပ်ပိုးကို ဘုန်းခနဲ ရိုက်လိုက်တာကြောင့် ရှေ့ကို ငိုက်ကျသွားတယ်။

မမကြည်ပြာ ယောက်ျားပါလား။ သူက စိတ်ကို ဒေါသတွေထွက်ပြနေတယ်။ ကျွန်မ ကို အားလုံးက သူခိုးတဲ့.။

အမေ ကျွန်မကို သက်သေနဲ့အတူ အားလုံးက စွပ်စွဲနေကြပြီ။ ကျွန်မ ဘာလုပ်ရမ လဲ။ ကျွန်မ သစ္စာဆိုရဲပါတယ်။ ပြောလည်း သူတို့မယုံတော့ ကျွန်မ သိက္ခာနဲ့အရှက် ကောင်းကောင်းကွဲပြီ။ ကျွန်မ မယူပါဘူးလို့ အကြိမ်ကြိမ်ပြောပေမယ့် ယုံမယ့်သူ မရှိ။ ပစ္စည်းပိုင်ရှင်ရှေ့မှာ ဒူးထောက်တောင်းပန်ခိုင်းတယ်။ ကျွန်မမှ မခိုးဘဲ တောင်းပန်ဖို့ လိုအပ်လို့လားဆိုတော့ မမကြည်ပြာ ယောက်ျားက မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ ကျွန်မကို ကြည့်ရင်း ကျွန်မပခုံးကို တွန်းချလိုက်တယ်။

ထိုအမျိုးသမီးက “ကဲ တော်ပါပြီ။ ကိုယ့်ပစ္စည်းလည်း ရပြီဆိုတော့ မင်းတို့လည်း သတိထားတော့” လို့ပြောသွားတယ်။ ကျွန်မကိုလည်း ခိုးလည်းခိုးသေး ခေါင်းကလည်း မာသေးလို့ မြည်တွန်းတောက်တီး မှတ်ချက်ချသွားတယ်။

ဒီအထဲက လူတွေရဲ့ မျက်လုံးတွေကို ကျွန်မ လိုက်ကြည့်မိတယ်။ ကျွန်မကို ချောက်ချခဲ့တာ ဘယ်သူလဲ။ ဒီလို ခါးသည်းတဲ့အခြေအနေကို ရင်ဆိုင်ရလိမ့်မယ်လို့ ဘယ်လိုမှ ထင်မှတ်မထားခဲ့ဘူး။ ထားပါ ကိုယ့်လိပ်ပြာတော့ ကိုယ်လုံပါတယ်။ ဒါပေမဲ့ ကျွန်မကို လုံခြုံစေမယ့်နေရာတော့ ပျောက်ခဲ့ရတယ်။

မမကြည်ပြာက ကျွန်မကို အလုပ်ထုတ်လိုက်တယ်။ နေရာတစ်ခုဟာ အရေးကြီး တယ်ဆိုတာ လူတိုင်းသိတယ်။ ဒီနေရာအတွက်ပဲ ကျွန်မတို့ဘဝတွေကို စတေးနေကြရ တယ်။ မယုံကြည်ခြင်းမျက်လုံးတွေအောက်မှာ တောင်းပန်ခစားဖို့ဆိုတာ ကျွန်မအတွက် မဖြစ်နိုင်။ လုပ်ကြံခံလိုက်ရတဲ့အတွက် ကိုယ့်ကို ဘယ်လောက်အထိ မလိုနေပြီလဲဆိုတာ သိရှိနေပြီမို့ အဲဒီ ဆိုင်ကို

ကျောခိုင်းခဲ့တယ်။ ကျွန်မ ဘယ်ကို သွားရမလဲ အမေ့ဆီကိုပဲ ပြန်ရ မှာပေါ့။ အမေ ဝမ်းမနည်းဖို့၊ စိတ်မကောင်းမဖြစ်ဖို့ ကျွန်မ ပြောရဦးမယ်။

ကားဂိတ်ကိုအသွား ဘာမှမမြင်ဘဲ ခေါင်းငိုက်စိုက်ဖြစ်နေတဲ့ ကျွန်မဘေးကို ကား အမည်းကြီးတစ်စင်း ထိုးဆိုက်လာတယ်။ ကပ်နေတဲ့ ကားကြီးကို ရုတ်တရက် ကြည့်မိ လိုက်တယ်။ မှန်အချမှာ ကျွန်မတွေ့လိုက်ရတာ ဟို.. အမျိုးသားလေးပါလား။ ဒီတော့မှ သူ့ကို သတိရလိုက်မိတယ်။

"ဟိတ်.. အထုပ်တွေနဲ့ ဘယ်သွားမလို့လဲ"

"အမေ့ဆီ ပြန်မလို့ပါ"

"ဪ .. ခွင့်ရတယ်ပေါ့"

"မဟုတ်ပါဘူး အပြီး ပြန်မှာပါ"

"ဟင် ဘာဖြစ်လို့လဲ"

"ကျွန်မ အလုပ်ထုတ်ခံလိုက်ရပြီ"

"ဟာ ဟုတ်လား.. ကဲ ကဲ လမ်းမကြီးမှာ.. ကားပေါ်တက်၊ တစ်နေရာမှာ စကားသွား ပြောရအောင် ကိုယ်လည်း နားထောင်ချင်တယ်။ တစ်ခုခုစားရင်းပေါ့"

ဒီလိုနဲ့ အမျိုးသားလေးခေါ်ရာကို လိုက်လာမိတယ်။

ဘယ်လောက် အံ့ဩစရာကောင်းသလဲလိုရင် သူစိမ်းယောက်ျားလေး တစ်ယောက် ဟာ ကျွန်မအတွက် အရင်းနှီးဆုံး ရင်ဖွင့်ဖော်ဖြစ်သွားတယ်။ မျက်ရည်တောင် မပဲခဲ့တဲ့ ကျွန်မ သူ့ရှေ့မှာ ပြောရင်းပြောရင်း မျက်ရည်ကျပြီး ငိုမိတယ်။ အသံတွေ တုန်ခါလာတယ်။ သူက ကျွန်မပြောတာကို အပြည့်အဝယုံကြည်တယ်။ နောက် ကျွန်မကို ဘာမှ စိတ်မပူဖို့ စိတ်ဓာတ်မကျဖို့ ပြောတယ်။

သူ့ဆိုင်မှာလုပ်ဖို့ ခေါ်တယ်။ သူက နိုင်ငံခြားကို

မကြာခဏသွားနေရသူဖြစ်ပြီး ဆိုင် အတွက်
စိတ်ချရသူတစ်ဦးလိုနေတာဖြစ်ကြောင်း၊ ဆိုင်တိုင်းကို ဆံပင်ညှပ်ခံဖူးပေမယ့် ကျွန်မ ညှပ်ပေးတဲ့ပုံစံကို သဘောအကျဆုံးဖြစ်ကြောင်း၊ သူက နိုင်ငံခြားမှာ ဆံပင်ပညာကို သင်ယူခဲ့ကြောင်း၊ ကျွန်မမှာ ပါရမီရှိလျက်နဲ့ တိမ်မြုပ်နေတဲ့အတွက် သူကိုယ်တိုင် သင်ပေး ချင်ကြောင်းနဲ့ သူ့ဆိုင်အတွက် ကြိုးစားပေးပါလို့ ပြောတယ်။

သူ့ဆီက အဲဒီ စကားကြားရတော့ အတိုင်းထက်အလွန်ပေါ့။ ပြီးတော့ သူ့ဆိုင်ကို ခေါ် လာပြီး သူ့ရဲ့ဝမ်းကွဲညီအစ်မလို့ မိတ်ဆက်ပေးလိုက်တာကြောင့် အားလုံးက နေရာ ပေးကြတယ်။

ကျွန်မအတွက် သီးသန့်အခန်းလေးတစ်ခန်းပေးတယ်။ သော့လည်းပေးထားတယ်။ ကျွန်မသူ့ကို ထိုင်ကန်တော့မိတယ်။ သူက သဘောကျစွာ ပြုံးရင်း မလိုပါဘူး။ မင်းကြိုးစား ပါ။ ကြိုးစားတဲ့လူတိုင်းအတွက် နေရာရှိပါတယ်လို့ အားပေးတယ်။ ဒီအမျိုးသားလေးဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပေါ့။ အသက်နှစ်ဆယ့် ငါးနှစ်သာရှိသေးတဲ့ အဲဒီ အမျိုးသားလေးနာ မည်က “လင်းသစ်ညီ”တဲ့။

သူဟာ ကျွန်မဘဝအတွက် ဘယ်တော့မှ မေ့ပျောက်ပစ်နိုင်မယ့်လူမျိုး မဟုတ်ပါ ဘူး။

ဒီဆိုင်မှာ သင်ယူရင်း အားလုံးဟာ ကျွန်မ ခြေကျွန်မလက် ဖြစ်လာတယ်။

တကယ်တော့ ကိုလင်းသစ်ညီဟာ သူရသမျှ၊ သိသမျှ ပညာတွေကို ကျွန်မကို အိတ်သွန်ဖာမှောက် သင်ပေးခဲ့တယ်။ ပိုက်ဆံလည်းရှိ၊ ရုပ်လည်းရှိ တစ်ဦးတည်းသော သားပေမယ့် သူ့မှာ လိုအပ်နေတဲ့ ကွက်လပ်တွေက အများကြီးပဲ။

သူ့မှာ မိဘမရှိတော့ဘူး။ သူ ဆယ့်ရှစ်နှစ်သားက လင်မယားကတောက်ကဆ ဖြစ်ရင်းကွဲသွားတယ်။ အဖေကတော့ ကားအက်ဆီးဒင့်နဲ့ ဆုံးပါးသွားခဲ့ပြီး အမေကတော့ ကင်ဆာနဲ့ ဆုံးခဲ့တယ်လို့

သိရတယ်။ တစ်ဦးတည်းသောသား သူ့မှာ အထီးကျန်ဆန်လွန်း စွာနဲ့ နိုင်ငံခြားထွက်သွားတယ်။ ဟိုမှာ ပညာသင်ရင်း ပြန်လာခဲ့တယ်။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကစပြီး သူစသိသွားတာ သူ့မှာလည်း ရောဂါတစ်ခုရှိနေခဲ့ တယ်။ ဒါကြောင့် နိုင်ငံခြားကို အခေါက်ခေါက်သွားပြီး ကုသခဲ့တယ်။ သူ့ရောဂါက သေချာ ပေါက် ပျောက်မယ့်ရောဂါမဟုတ်တာမို့ အားလုံးကို စွန့်လွှတ်ဖို့ စိတ်ကူးထားတယ်။ အံ့သြ စရာကောင်းတာက ဒီမြို့မှာ သူ့ရဲ့ဆွေရင်း မျိုးရင်းတစ်ယောက်မှ မရှိကြဘူး။

အဖေက ဟိုးဧရာဝတီမြစ်ရဲ့ တစ်ဖက်ကမ်း ရွာကတဲ့။ အမေကလည်း ရှမ်းပြည် နယ်ဘက်က ရွာကတဲ့။ သူ့ကို မြို့မှာမွေးတာဆိုတော့ ဆွေမျိုးဆိုတာတွေကို မသိဘူး။ ခင်ရာ ဆွေမျိုးဆိုတဲ့စကားအတိုင်း ခင်တဲ့လူတွေကို အမျိုးလိုသဘောထားတယ်။

ဒါပေမဲ့ လူလိမ်ကိုလည်း သူကကြောက်သေးတယ်။ ဒီတစ်ခေါက် နိုင်ငံခြားကို သွားကုမယ်ဆိုတော့ သူ့ပုံစံကို အားမရဘူး။ မရွှင်လန်းဘူး။ ကျွန်မ သိသိချင်းမှာ အတတ် နိုင်ဆုံး ပြုစုပေးခဲ့တယ်။ နလုံးကလည်း မကောင်းပြန်ဘူး။ စိတ်ထဲ မကောင်းလွန်းလို့ အိပ် တောင်မပျော်ဘူး။ သူ့အစီမံအရ အမေ့ကို ဒီအိမ်မှာခေါ်ထားပြီး ကျွန်မကို အလုပ်အတွက် အရာအားလုံးလွှဲအပ်ထားတယ်။

ကျွန်မစိတ်ထဲ သူ့ကို မသေစေချင်ဘူး။ ဆေးတွေလည်း အရမ်းသောက်ရတယ်။ သူစားချင်တာ သောက်ချင်တာကို လုပ်ပေးခဲ့တယ်။ အမေ့ရဲ့ နွေးထွေးမှုအပေါ် သူက ကျေးဇူးတင်စွာ ဆက်ဆံတယ်။ ပေးနေတာ ကြာပြီဖြစ်တဲ့ မေတ္တာတစ်စက်ကို ထွေးထွေး ပိုက်ပိုက် သူရတဲ့အခါ ဝမ်းနည်းနေတယ်။ သူ့ရဲ့ ဝမ်းသာရမယ့်အချိန်က ဘယ်လောက်မှ မကျန်တော့ပါလားလို့ သိရချိန်မှာ ကျွန်မအခန်းထဲမှာ ကြိတ်ငိုမိတယ်။ သူ့ရှေ့မှာ မျက်ရည် မကျရက်ဘူး။

သူ ဒီတစ်ခေါက် နိုင်ငံခြားက ပြန်လာချိန်မှာ ကျွန်မနဲ့ အမေ

သွားကြိုတယ်။ အိမ် ရောက်တဲ့အချိန်မှာ ဘာတွေများဖြစ်ခဲ့လဲမသိ စိတ်တွေလျှော့ချပစ်လိုက်သလိုပဲ။ အခန်း အောင်းနေတာများတယ်။ သူက တစ်နေ့ညက ကျွန်မနဲ့ အမေ့ကို သူ့အခန်းထဲခေါ်တွေ့ တယ်။ ကျွန်မတို့အပေါ်မှာ သူ့မိသားစုလိုပ သဘောထားကြောင်း၊ ကျွန်တော့ဘဝရဲ့ မပြည့် စုံခြင်းတစ်ဝက်ကို ဖြည့်ဆည်းပေးခဲ့လို့ ဂမ်းသာဂမ်းနည်း ခံစားရကြောင်း၊ ကျွန်တော် နောက်တစ်ခါ နိုင်ငံခြားသွားစရာ မလိုတော့ဘူး။

ကျွန်တော်မမောဘဲ သေဆုံးရမယ့်အချိန်ကိုပဲ စောင့်ချင်တော့တယ်။ ဒါကြောင့် အမေနဲ့ ညီမလေးကို ဒီဘဏ်စာအုပ်တွေ အပ်ပါတယ်ဆိုပြီး စာအုပ် (၃) အုပ်လုပ်ပေး ခဲ့တယ်။ နောက် ဒီဆိုင်နဲ့တိုက်၊ ပိုင်ဆိုင်မှုတွေထဲက ငွေသားတစ်ဝက်ကို သူလှူခဲ့တယ်။ ရေစက်ချခဲ့တယ်။ အဓိက မိဘမဲ့ကလေးတွေအတွက်လှူခဲ့တယ်။ ဘဝမှာ ဂမ်းနည်းစရာ အကောင်းဆုံး နေ့ရက်များပါပဲ။

အပင်ပေါ်က ရွက်ဟောင်းလည်းမဟုတ်၊ ရွက်အိုလည်း မဟုတ်တဲ့ အရွက်လေး တစ်ရွက် ကြွေကျသွားခဲ့တယ်။ မျက်စိမမှိတ်ဘဲ ထိုင်ကြည့်နေခဲ့တယ်။ သူ အသက်ထွက် သွားတာ တကယ် ညင်ညင်သာသာလေးပဲ။ နောက်ဆုံး သူ့လက်ကလေးကို ဆုပ်ကိုင် ထားစဉ်မှာ နွေးနေတုန်းပဲ ရှိသေးတယ်။

အမေကလည်း သူ့သားလေးလိုဖြစ်နေလို့ နှမြောမဆုံးဘူး။

ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက်ကြားက သံယောဇဉ်တွေကလည်း နည်းမှ မနည်းပဲ။ သူစိမ်းတွေဆိုပေမယ့် သွေးရင်းထက်တောင် ပိုမိနေတယ်။

သူ လွှဲအပ်ပေးခဲ့ ဒီဆိုင်ကြီးမှာ ဒီထက်တိုးတက်အောင် လုပ်ဖို့ပဲရှိတော့တယ်။ ခုလည်း ဝန်ထမ်းတွေကများ၊ အားရတဲ့ရက် မရှိအောင်ဘဲ သင်တန်းတွေကိုလည်း အကောင်းဆုံး ပေးနိုင်ခဲ့တယ်။

ကျွန်မလိုပဲ တတ်ချင်စိတ်ရှိတဲ့ ကလေးတွေအတွက် ကိုယ်တိုင် ကျကျနန

သင်ပေး ခဲ့တယ်။ ကျွန်မလိုအဖြစ်မျိုးနဲ့ ခံစားမှု သူတို့မှာ မရှိစေချင်ဘူး။ သူဖြစ်စေချင်သလို မှာ ကြား ဆက်သွယ်ပေးခဲ့တဲ့ လိပ်စာတွေနဲ့ သူ့ဆရာရင်းဖြစ်ခဲ့ ဘန်ကောက်က ဆရာဆီမှာ ထပ်ပြီး သင်ယူခဲ့တယ်။ ကျွန်မ ကြိုးစားနေတိုင်း သူ့ကို သိပ်သတိရတယ်။ သတိရနေတာဟာ ဘယ်လို ခံစားမှုမျိုးလဲဆိုတာတောင် မခွဲခြားတတ်ဘူး။

အသစ်အသစ်တွေ မွမ်းမံပြင်ဆင်ရင်းနဲ့ ကျွန်မတို့ဆိုင်ဟာ အရင်ကထက် နှစ်ဆ မက ကြီးမားလာခဲ့တယ်။ ကျွန်မရဲ့ လက်ထောက်ကိုက သုံးယောက်လောက်ရှိနေပြီ။

တစ်ချိန်က “သူခိုးမ” လို့ စွပ်စွဲခံရတဲ့ နေ့ရက်များဟာ အဲဒီ အချိန်တုန်းကတော့ အကျည်းတန် မုန်းတီးစက်ဆုပ်စရာ၊ အဲဒီ လိုအဖြစ်မျိုးသာ မရှိခဲ့ဘူးဆိုရင်တောင် ကျွန်မ ဒီ အခြေအနေမျိုးဖြစ်မှာမဟုတ်ဘူး။

အဲဒီ သူခိုးမလို့ စွပ်စွဲခံရသူဟာ အခုလိုအချိန်မှာ ပညာရှင်အဆင့်မှာရှိပြီး အခြား နိုင်ငံက သင်တန်းဆင်းလက်မှတ်တွေကလည်း ဧည့်ခန်းမှာ ချိတ်လျက်။ အားလုံးကို လက်ညှိုးထိုးခိုင်းလို့ရတဲ့ အနေအထား။ ဆံပင် မိတ်ကပ်ပညာမှာ ရဲရဲဝံ့ဝံ့ ပခုံးချင်းယှဉ်နိုင် သူဖြစ်နေပြီ။ နောက် မေမေကလည်း ဧည့်ခန်းမှာ ဘုရားခန်းမှာ ပုတီးလေးစိပ်ပြီး စိတ်ချမ်း သာနေပြီ။

ဧည့်ခန်းမှာ ချိတ်ထားတဲ့ သူ့ဓာတ်ပုံကိုကြည့်ရင်း လွန်ခဲ့တဲ့ နှစ်များဆီက ဆံပင်လာ ညှပ်တဲ့ပုံစံလေးကို မြင်ယောင်နေမိတယ်။

သူက အားငယ်နေတဲ့ ကျွန်မကို တစ်ခွန်းပဲ ပြောတယ်။

“ရေစိုစို ထဘီနှစ်ထည်ဟာ မင်းဘဝအတွက် ဖြစ်လာမယ့် အနာဂတ်ကို ဖန်တီး ပေးခဲ့တာပဲ အဲဒီ အတွက် ဝမ်းမနည်းပါနဲ့တဲ့”

ဒီအချိန်မှာတော့ “ရေစိုစို ထဘီနှစ်ထည်” ကို ကျွန်မ ကျေးဇူးတွေ တင်လို့ရပြီပေါ့။

*

*